# ပါစကားကာလ ပဥ္စမတနင်္ဂနွေနေ့

ရှင်ယောဟန် ၁၄း၁ - ၁၂

"သင်တို့၏စိတ်နှလုံး၌ စိုးရိမ်ပူပန်ခြင်း မရှိစေကြနှင့်" လို့ ယေဇူးဘုရားရှင်က မိန့်တော်မူပေမဲ့ ကျနော်တို့မှာ စိုးရိမ်ပူပန်စရာတွေ အမြဲရှိနေတတ်ကြပါတယ်။ နေ့စဉ် စားဝတ်နေရေး၊ လုံခြုံဘေးကင်းရေးတွေအတွက် ပူပန်နေရပါတယ်။ ရှေးဦးအသင်းတော်မှာလည်း ယနေ့ ပထမကျမ်းစာထဲကလိုပဲ စားစရာ မလုံမလောက်တဲ့ပြဿနာ ကြုံကြရပါတယ်။ အသင်းတော်အနေနဲ့ကလည်း အဲဒီလို ဆင်းရဲသားတွေကို မကူညီဘူးဆိုရင် ကျနော်တို့ ဟောပြောနေတဲ့ ဧဝံဂေလိတရားဟာ စကားသက်သက်ပဲ ဖြစ်နေပါလိမ့်မယ်၊ လက်တွေ့ကျတဲ့ ချစ်ခြင်းမေတ္တာ မပါရင် ဧဝံဂေလိတရားဟာ စကားသက်သက်ပဲ ဖြစ်နေတော့မှာပေ့ါ။

ဒီလို ကိုယ်ကာယရေးလိုအပ်ချက်တွေ ရှိနေလို့၊ စားဝတ်နေရေး လိုအပ်ချက်တွေ ရှိနေလို့ပဲ စိတ်နှလုံးပူပန်နေရတာ မဟုတ်ပါဘူး။ လူမှာ ကိုယ်ကာယပဲ ရှိတာ မဟုတ်ဘူး။ ဒါကြောင့် ဝိညာဉ်ရေးအတွက် လိုအပ်ချက်တွေကို ပြည့်စုံစေမှ လူဟာ တကယ်ပဲ ပျော်နိုင်မယ်၊ စိတ်ချမ်းသာနိုင်မယ်။ ဝိညာဉ်ရေးလိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေအရ လူဟာ တစ်ကိုယ်ရေတစ်ကာယ နေလို့မဖြစ်တဲ့ သတ္တဝါတွေပါ။ အပေါင်းနဲ့ အသင်းနဲ့ နေရမှ ပြည့်စုံတာပါ။ ဒါကြောင့် ဘုရားသခင်က လူမိန်းမကို ဖန်ဆင်းတုန်းက "လူသည် တစ်ဦးတည်းနေရန် မသင့်တော်" လို့ ဆိုထားပါတယ်။ ရှေးဦးအသင်းတော်မှာလည်း ယုံကြည်သူတွေဟာ စိတ်နှလုံး တစ်ညီတစ်ညွတ်တည်း ရှိကြတယ်။ အေးအတူ ပူအမျှနေကြတယ်။ ဒါကြောင့် လူဟာ တစ်ယောက်နဲ့ တစ်ယောက် ခွဲခွါရတဲ့အခါ အလွန်အမင်း ဝမ်းနည်းကြတယ်။ အခြေအနေအရ ခွဲခွါရတာပဲဖြစ်ဖြစ်၊ ကိုယ်ချစ်တဲ့လူတစ်ယောက် သေဆုံးလို့ပဲ ဖြစ်ဖြစ် ခံစားရခက်ပါတယ်။

အခုလည်း တပည့်တော်ကြီးတွေက သခင်ယေဇူးနဲ့ ခွဲခွါရမှာမို့ အလွန်အမင်း ဝမ်းနည်းနေကြတယ်၊ စိတ်ပျက်နေကြပါတယ်။ ရှေ့ဆက်လျှောက်ရမည့် ခရီးမှာ သခင်ယေဇူးမပါပဲ ဘယ်လိုလျှောက်ရတော့မှာလဲ။ စိုးရိမ်ပူပန်နေကြရပါတယ်။ ဒါဟာ လောကလူတွေရဲ့ အတွေးအခေါ်ပါပဲ။ ယေဇူးဘုရားရှင်ကတော့ တပည့်တော်ကြီးတွေနဲ့ ကျနော်တို့ကို သေချာပေါက် မျှော်လင့်ချက် ပေးပါတယ်။ "ငါ့ကို ယုံကြည်ကြလော့။ ငါ့ခမည်းတော်၏အိမ်တော်၌ အခန်းများစွာရှိ၏။ ထိုသို့ မဟုတ်ခဲ့ပါလျှင် ငါသည် သင်တို့အတွက် နေရာပြင်ဆင်ရန်သွားမည်ဟု ပြောပါမည်လော။ ငါသည် သင်တို့အတွက် နေရာ ပြင်ဆင်ရန် သွားပြီးလျှင် တစ်ဖန်ပြန်လာ၍ ငါရှိသောနေရာတွင် သင်တို့လည်းရှိစေရန် သင်တို့ကို ငါ့ထံသို့ ခေါ်ဆောင်မည်" ။ ဒီလို သေပြီးတဲ့နောက်ပိုင်း မျှော်လင့်ချက်မရှိဘူးဆိုရင် လူတွေရဲ့ဘဝဟာ အဓိပ္ပါယ် မရှိဘူး။ အဲလိုသာဆိုရင် (သေပြီး ပြီးရောသာဆိုရင်) လူတွေက တစ်ယောက်နဲ့တစ်ယောက် ဒီဘဝလေးအသက်ရှင်ချိန်လေးပဲ ချစ်ရမှာပေ့ါနော်။ သေပြီးရင် ရာသက်ပန်ခွဲရတော့မှာပေ့ါ။ အဲဒါမှ တစ်ကယ့်စိတ်ပျက်စရာပါပဲ။

ယေဇူးဘုရားရှင် မိန့်တော်မူတာက သေပြီးရင် မပြီးသေးဘူး။ ယေဇူးဘုရားရှင်က သေပြီး

ပြန်ရှင်ခဲ့တယ်၊ အခု ကျနော်တို့အားလုံးရဲ့အနီးမှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အတူရှိနေတယ်။ ကျနော်တို့ သေပြီးရင်လည်း သူ မိန့်တော်တဲ့အတိုင်း သူနဲ့အတူ အဖခမည်းတော်ရဲ့အိမ်တော် ကောင်းကင်ဘုံမှာ ထာဝရအတူ ရှိနေအုံးမှာပါ။ ဒါကြောင့် ရှင်ပေါလူးက "ငါတို့ကို ခရစ်တော်ရဲ့ချစ်ခြင်းမေတ္တာနဲ့ ဘယ်အရာကမျှ မခွဲနိုင်ပါဘူး" တဲ့။ ဒါကြောင့် သေခြင်းကလည်း ကျနော်တို့ကို မခွဲနိုင်ပါဘူး။ ပြောချင်တာက သေပြီးလည်း ယေရှုဘုရားရှင်လို ဆက်ချစ်နိုင်တာပါပဲ။

အဲဒီလို မဟုတ်ပဲ သေပြီး အားလုံးပြီးရောဆိုရင် လူတွေကလည်း ထင်ကြမှာပေါ့ "ဒီလူ့ဘဝက တစ်ဘဝတည်းပဲ ရှင်ရတာ၊ သေပြီး ပြီးရော၊ ဒါကြောင့် မသေခင် စားလိုက်သောက်လိုက် ပျော်လိုက်ပါးလိုက်နေပေတော့။ ဘာပါရမီမှ မဆည်းပူးနဲ့တော့။ သေပြီးရင် ပြီးရောဆို အခုကျင့်တဲ့ပါရမီ ချစ်တတ်တဲ့ပါရမီ၊ ခွင့်လွှတ်တတ်တဲ့ပါရမီ၊ အနစ်နာခံ ပေးဆပ်တဲ့ပါရမီ ဘာပါရမီမှ ကျင့်မနေနဲ့ သေပြီးရင် ဘာမျှမရှိတော့ဘူး၊ အကုန်ပြီးဆုံးပြီဆိုရင် ကိုယ်ကောင်းခဲ့ရတာတွေ အလကားဖြစ်ရော၊ ဘာ့လို့လဲဆိုတော့ သေပြီးရင် ပြီးရော ဘာမျှမရှိတော့ဘူး၊ ကောင်းကင်ဘုံလည်း မရှိတော့ဘူး၊ ငရဲလည်း မရှိတော့ဘူးလို့ ဖြစ်နေတော့မှာပေါ့။" ဒါကြောင့် မိုက်ချင်တဲ့လူကတော့ စိတ်လွတ်ကိုယ်လွတ်ကို မိုက်ကြတော့မယ်။ ဘာ့လို့လဲဆိုတော့ သေပြီးရင် ပြီးရော ငရဲလည်း မရှိဘူးဆိုတော့လေ။ ဒီလောကမှာ ခိုးဆိုးလုယက် ပြန်ပေးဆွဲ လုပ်ချင်ရာလုပ်၊ အေး ရဲကတော့ မသိစေနဲ့ မဖမ်းမိစေဖို့ပဲ ဂရုစိုက်တော့။ ကျန်တာ ဘာမျှကြောက်စရာ မရှိတော့ဘူးလေ ငရဲမှ မရှိတာ။ ဒါကြောင့် ဘာသာသူတို့ ယနေ့ ယေရှုဘုရားရှင် မိန့်တော်မူတဲ့ တရားက ကျနော်တို့ကို မျှော်လင့်ချက်ကြီး ပေးပါတယ်။ "ငါသည် သင်တို့အတွက် နေရာပြင်ဆင်ဖို့ သွားတယ်။ ပြီးရင် ပြန်လာပြီး မင်းတို့ကို လာခေါ်မယ်" ဆိုတာ တစ်ကယ်ပြောတာပါ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။